BURMESE

Court Network



# တရားရုံး၌ သင့် တစ်နေ့တာ

## A Guide

### Family Violence Intervention Orders in the Magistrates' Court

# သင့်လုံခြုံရေးအတွက် အရေးတကြီး စိုးရိမ်ရပါက 000 သို့ ဖုန်းခေါ်ပါ

**မိသားစုအကြမ်းဖက်မှု-** မိသားစုဝင်တစ်ဦးအား ကြောက်ရွံ့စေခြင်း သို့မဟုတ် အင်အားသုံးခြင်းဖြင့် ထိန်းချုပ်ရန်၊ ခြိမ်းခြောက်ရန်၊ အတင်းအကျပ်ပြုရန် သို့မဟုတ် လွှမ်းမိုးရန် ပြုသည့် အန္တရာယ်ရှိသော အပြုအမူ။ ၎င်းသည် သင် ထင်ထားသည်ထက် ပိုမိုရှုပ်ထွေးသည့်ပုံစံများ ဖြစ်နိုင်ပါသည်၊ တိတိကျကျသိရန်နှင့် ဥပမာများအတွက် www.vic.gov.au/what-family-violence တွင် ဖတ်ရှုပါ။

**မိသားစုအကြမ်းဖက်မှု ကြားဝင်တားမြစ်မှုအမိန့် (FVIO သို့မဟုတ် IVO)-** လူတစ်ဦး၊ ၎င်းတို့၏ သားသမီးများနှင့် ၎င်းတို့၏ပိုင်ဆိုင်မှုများကို မိသားစုဝင်၊ အတူလက်တွဲနေသူ သို့မဟုတ် ယခင်အတူလက်တွဲနေသူထံမှ ကာကွယ်ပေးမည့် တရားရုံးအမိန့်။

**လျှောက်ထားသူ-** တရားရုံးအမိန့်စာအတွက် လျှောက်ထားသူ။ ပုံမှန်အားဖြင့် ရဲတပ်ဖွဲ့ သို့မဟုတ် မိသားစုအကြမ်းဖက်မှုခံနေရသူ/ ခံဖူးခဲ့သူ။

**အကာအကွယ်ရမည့်သူ-** ကြားဝင်တားမြစ်မှုအမိန့်အရ အကာအကွယ်ပေးထားမည့်သူ။ ဤသူများသည် လျှောက်ထားသူနှင့် ၎င်းတို့၏ သားသမီးများ ဖြစ်နိုင်သည်။

**တိုင်တန်းခံရသူ-** မိသားစုအကြမ်းဖက်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူ။

**ကြားနာခြင်း-** တရားရုံးတွင် အမှုတွဲတင်ပြခြင်း။



# မိသားစုအကြမ်းဖက်မှု ကြားဝင်တားမြစ်မှု အမိန့် (FVIO)

FVIO သည် လူတစ်ဦး၊ ၎င်းတို့၏ ကလေးများနှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများကို အကာအကွယ်ပေးနိုင်ရန် ရည်ရွယ်သည့် တရားဝင် ပြဋ္ဌာန်းနိုင်သော တရားရုံးအမိန့်တစ်ခု ဖြစ်သည်။ ဤအမိန့်အား ရာဇဝတ်တရားသူကြီးက တရားရုံးတွင် အမိန့်ချမှတ်သည်။

အဆိုပါအမိန့်တွင် တိုင်တန်းခံရသူအား အကာအကွယ်ပေးထားရမည့်သူအား မိသားစုအကြမ်းဖက်မှု ကျူးလွန်ခြင်းမှ ရပ်တန့်ရန် သတ်မှတ်ချက်များ ပါရှိပါသည်။

ဤအခြေအနေများပေါ်မူတည်၍ FVIO မှ တိုင်တန်းခံရသူအား အောက်ပါတို့ကို ချမှတ်ထားသည်-

- ဤအပြုအမူကို ရပ်တန့်ရန်
- အကာအကွယ်ပေးထားရမည့်သူနှင့် ဆက်သွယ်ခြင်း သို့မဟုတ် ဆက်ဆံခြင်း မပြုရန်၊ လိုအပ်ပါက အခြားသူ တစ်ဦးဦးကို အကူအညီတောင်းရန်
- အကာအကွယ်ပေးထားရမည့်သူထံ မသွားရန်၊ သို့မဟုတ် အနီးအနားတွင် မနေရန်၊ လိုအပ်ပါက အကူအညီ တောင်းရန်။

FVIO သည် တရားမမှု ဖြစ်သည်။ တိုင်တန်းခံရသူသည် အဆိုပါအခြေအနေတစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ရဲတပ်ဖွဲ့ထံ တိုင်ကြားပါ။ ထိုအခြေအနေများကို ချိုးဖောက်ခြင်းသည် ရာဇဝတ်မှု ဖြစ်သည်။

# FVIO လျှောက်ထားခြင်း

သင်သည် မိသားစုအကြမ်းဖက်မှုကျူးလွန်ခြင်း ခံရပါက၊ FVIOအား အွန်လိုင်းတွင် လျှောက်ထားနိုင်သည် သို့မဟုတ် ဤနေရာ **www.mcv.vic.gov.au/intervention-orders** မှတစ်ဆင့် နောက်ထပ်သတင်းထုတ်ပြန်ချက်များကို ရနိုင်သည်။

တစ်ခါတစ်ရံတွင် ရဲတပ်ဖွဲ့မှ သင့်ကိုယ်စား တရားရုံးသို့ လျှောက်ထားနိုင်သည်။

# သင်၏ FVIO ကြားနာမှုအတွက် တရားရုံး တက်ရောက်ခြင်း

**ရဲတပ်ဖွဲ့သည် သင့်ကိုယ်စား FVIO အတွက် လျှောက်ထားပါက၊ သင် တရားရုံးတက်ရန် လိုမလို ၎င်းတို့အား မေးမြန်းပါ။**

## လုံခြုံရေးစိုးရိမ်မှုများ

- သင့်တွင် လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများရှိပါက သင့်အမှု ကြားနာမည့်ရက်မတိုင်မီ တရားရုံးကို ဖုန်းဆက်ပါ။ ၎င်းတို့သည် သင့်အား အန္တရာယ်ကင်းသော ဝင်လမ်းနှင့် စောင့်ဆိုင်းခန်းများ စီစဉ်ပေးနိုင်ပါသည်။

## စကားပြန်လိုအပ်ပါက

- တရားရုံးတွင် သင့်အား ကူညီပံ့ပိုးရန် စကားပြန်လိုအပ်ပါက သင့်ရုံးချိန်းမတိုင်မီ တရားရုံးသို့ ဖုန်းဆက်ပါ၊ သင်သည် အခမဲ့ စကားပြန် ရနိုင်ကောင်း ရနိုင်ပါသည်။
- သင်စကားပြန်လိုပါက စကားပြန်သုံးရန် အရေးကြီးပါသည်။ တရားရုံးမှ အဖြစ်အပျက်များကို နားလည်ရန် အရေးကြီးပါသည်။
- အကယ်၍ သင်သည် စကားပြန်တစ်ဦး ကြိုတင်စီစဉ်ထားပါက၊ စကားပြန်မပါဘဲ သင့်တရားရုံးကြားနာမှုသည် မဖြစ်သင့်ပါ။ စကားပြန်တစ်ဦး ကြိုတင်စီစဉ်ထားခြင်း ရှိ၊ မရှိ မသေချာပါက မှတ်ပုံတင်ဌာနတွင် စစ်ဆေးပါ။

## တရားရုံးသည် တနေကုန် ကြာနိုင်ပါသည်

- သင်သည် တရားရုံးတွင် နာရီအနည်းငယ် သို့မဟုတ် တစ်နေကုန် ရှိနေနိုင်သောကြောင့် သင့်တရားရုံးနေ့တွင် အခြားချိန်းဆိုမှုများ မပြုလုပ်ရန် ကြိုးစားပါ။ သင့်တွင် သင်စောင့်ရှောက်နေသော ကလေးများနှင့် လူကြီးများရှိပါက၊ ထိုတစ်နေ့တာအတွက် ၎င်းတို့ကို စောင့်ရှောက်ရန် အခြားသူတစ်ဦးဦးကို စီစဉ်ထားရန် ကြိုးစားပါ။

## ပံ့ပိုးမှု

- ဖြစ်နိုင်ပါက သင့်အားပံ့ပိုးမည့်သူတစ်ဦးအား သင်နှင့်အတူ တရားရုံးသို့ ခေါ်ဆောင်လာပါ။ ထိုသူသည် သူငယ်ချင်း သို့မဟုတ် မိသားစုဝင်တစ်ဦး ဖြစ်နိုင်ပါသည်။ ထိုသို့မဖြစ်နိုင်ပါက သို့မဟုတ် တရားရုံးနှင့် တရားရုံးလုပ်ငန်းစဉ်များနှင့် အကျွမ်းဝင်သူတစ်ဦးထံမှ ထပ်လောင်းအကူအညီကို လိုချင်ပါက၊ **1800 571 239**. မှတစ်ဆင့် **တရားရုံးကွန်ရက်**တွင် (Court network) အကူအညီ ရယူနိုင်ပါသည်။
- တရားရုံးတက်ရန် အခြားကူညီမှုများ လိုအပ်ပါက၊ သင်သည် တရားရုံး သို့မဟုတ် တရားရုံးကွန်ရက်ကို မေးမြန်းနိုင်သည်။

## ဝတ်စားဆင်ယင်ခြင်းနှင့် ယူဆောင်လာရမည့်အရာများ

- သန့်ရှင်းသပ်ရပ်သော အဝတ်အစားများကို ဝတ်ဆင်လာပါ။
- အဆာပြေအစားအစာနှင့် ရေ၊ အားအပြည့်သွင်းထားသော စက်ပစ္စည်းများနှင့် သင့်အမှု/ကိစ္စနှင့် သက်ဆိုင်သော စာရွက်စာတမ်းများအားလုံး ယူဆောင်လာပါ ။



# တရားရုံး

## သင် ရောက်ရှိသောအခါ

- တရားရုံးရောက်ရှိသောအခါ မှတ်ပုံတင်ဌာနသို့ သွားပါ။
- သင် တရားရုံးကြားနာရန်လာကြောင်းကို မှတ်ပုံတင်ဌာနဝန်ထမ်းအား ပြောပြပြီး၊ သင့်တရားရုံး စာရွက်စာတမ်းများကို ပြသပါ။
- တရားရုံးမှ သင့်အား စကားပြန် ကြိုတင်စီစဉ်ထားပါက စကားပြန်လာမည့်အချိန်ကို ဝန်ထမ်းများ အား မေးမြန်းပါ။ စကားပြန် မစီစဉ်ရသေးဘဲ သင် လိုအပ်ပါက၊ စကားပြန်ရှိမရှိ ဝန်ထမ်းများကို မေးမြန်းပါ။
- အကယ်၍ သင်သည် ဥပဒေအကြံဉာဏ်ကို မရရှိသေးဘဲ (ရှေ့နေ သို့မဟုတ် ရဲတပ်ဖွဲ့မှ) လျှောက်လဲ ပေးမည့်သူ မရှိပါက၊ တာဝန်ကျရှေ့နေနှင့် စကားပြောလိုကြောင်း မှတ်ပုံတင်ဌာနကို ပြောပြပါ။
- သင့်တွင် လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများရှိပါက မှတ်ပုံတင်ဌာနသို့ အကြောင်းကြားပါ။

## သင့်အမှုကို စောင့်နေချိန်အတွင်း


- သင့်အမှုကို ကြားနာရန် စောင့်ဆိုင်းနေစဉ်အတွင်း သင်ထိုင်နားနိုင်သော စောင့်ဆိုင်းခန်း ရှိပါသည်။ နာရီအနည်းငယ် စောင့်ဆိုင်းရနိုင်သည့်အတွက် စိတ်ရှည်ပါ။
- အကြောင်းတစ်ခုခုကြောင့် တရားရုံးပြင်ပထွက်ရန် လိုအပ်ပါက၊ သင့်အမှုကို မလွတ်စေရန် မှတ်ပုံတင်ဌာနသို့ အကြောင်းကြားပါ။
- စကားပြန်တစ်ဦးကို ကြိုတင်စီစဉ်ထားပါက စကားပြန် မရောက်လာမချင်း သင့်အမှု မစတင်သင့်ပါ။
- သင့်အမှု အသင့်ဖြစ်ပါက သင့်အား တရားရုံးခန်းသို့ ခေါ်ဆိုပါမည်။

## တရားရုံးခန်း

- သင့်အမှုကို ခေါ်ပါက တရားရုံးခန်းသို့ သွားပါ။
- သင့်ဖုန်းကို အသံတိတ်ထားပါ။
- အဝင်အထွက်တွင် တရားသူကြီးထံ ဦးညွှတ်ပါ။
- တရားသူကြီးသည် သင့်အမှုနှင့်ပတ်သက်၍ ဖြစ်ပျက်နေသည့်အရာများနှင့်ပတ်သက်ပြီး သင့်ရှေ့နေ သို့မဟုတ် ရဲများကို မေးခွန်းအချို့မေးနိုင်သည်။
- တရားသူကြီးသည် တိုင်တန်းခံရသူနှင့်/သို့မဟုတ် ၎င်းတို့၏ရှေ့နေထံမှလည်း ကြားနာနိုင်သည်။
- အမှုအကြောင်း ကြားနာပြီးနောက် တရားသူကြီးက စီရင်ချက်ချမှတ်ပါမည်။ သင်သည် တရားရုံးသို့ ပြန်လာရန် လိုအပ်နိုင်သလို၊ သင့်အမှုသည် ထိုနေ့တွင် ပြီးသွားနိုင်ပါသည်။ တိုင်တန်းခံရသူအတွက် ကြားဝင်တားမြစ်မှုအမိန့် ထုတ်နိုင်ပါသည်။
- မည်သို့ ဖြစ်ပျက်နေသည်ကို ရှင်းရှင်းလင်းလင်း မသိပါက၊ တရားသူကြီး သို့မဟုတ် ရဲများအား မေးနိုင်ပါသည်။ တရားသူကြီးကို "Your Honor"ဟု ခေါ်ဆိုပါ။

## တရားရုံးပြီးနောက်

- သင့်အမှုအား တရားသူကြီးက အပြီးသတ်ဆုံးဖြတ်ပြီးနောက် စာရွက်စာတမ်းများရယူရန် သို့မဟုတ် လက်မှတ်ထိုးရန် ခေါ်နိုင်ပါသည်။ - တရားရုံးမှ မထွက်ခွာမီ သင်လုပ်ဆောင်ရန် လိုအပ်သည့်အရာများ ရှိမရှိ မှတ်ပုံတင်ရုံးသို့ သွားပါ။
- သင့်တွင် ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ စိုးရိမ်မှုများရှိပါက ဥပဒေအကြံဉာဏ်ရယူပါ သို့မဟုတ် မှတ်ပုံတင်ဌာနသို့ စကားပြောပါ။
- သင်၏အမိန့်ကို ပြောင်းလဲရန် သို့မဟုတ် သက်တမ်းတိုးရန် လိုအပ်ပါက၊ ဤနေရာတွင် **www.mcv.vic.gov.au/family-matters/family-violence-intervention-orders-fvio** တွင် မည်သို့လုပ်ရမည်ကို ဖတ်ရှုပါ။


ရာဇဝတ်
တရားရုံး
စာရေး
ရဲ/လျှောက်ထား
သူ
တိုင်တန်းခံရသူ/
ရှေ့နေ
သက်သေ
နေရာ
အကာအကွယ်ပေး
ထားရမည့်သူ
အများသူငှာ ကြည့်နိုင်သော နေရာ

Victorian Legal Services
**BOARD + COMMISSIONER**
Funded through the Legal Services Board Grants Program


**တရားရုံးကွန်ရက်**
1800 571 239
www.courtnetwork.com.au
admin@courtnetwork.com.au
Lvl 5, 555 Lonsdale Street,
Melbourne, Vic, 3000


ဤသည်မှာ တရားရုံး၌ သင့်တစ်နေ့တာအတွက် လမ်းညွှန်ချက် ဖြစ်ပါသည်။ တရားရုံး လုပ်ငန်းစဉ်များ ပြောင်းလဲနိုင်သဖြင့် ဤအကြောင်းအချက်များ အပြောင်းအလဲ ရှိနိုင်ပါသည်။

အခြားဘာသာများအပါအဝင် အွန်လိုင်းအရင်းအမြစ်များကို ဝင်ရောက်ကြည့်ရှုရန်

တရားရုံးကွန်ရက်သို့ လွှဲပြောင်းပေးပို့ရန်